ကောင်းကင်တမန် ဂျိဗ်ရီလ်(အလိုင်းဟိစ္စလာမ်)သည်

ငါကိုယ်တော်အား အိမ်နီးချင်းနှင့်ပတ်သက်၍

ကောင်းမွန်စွာဆက်ဆံရန် အမြဲမှာကြားတော်မူသည်။

အဘယ်မျှထိဆိုသော် အိမ်နီးချင်းအား အမွေစားအမွေခံအဖြစ်သတ်မှတ်လိုက်မည်ဟုပင် ငါကိုယ်တော် ထင်မိခဲ့သည်။

အိဗ်နုအုမရ်(ရဿွိယလ္လာဟုအန်ဟုမာ)က ဆင့်ပြန်ခဲ့သည်။ အလ္လာဟ်အရှင်မြတ်၏
ရစူလ်တမန်တော် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) မိန့်ကြားတော်မူသည်။
ကောင်းကင်တမန် ဂျိဗ်ရီလ်(အလိုင်းဟိစ္စလာမ်)သည် ငါကိုယ်တော်အား
အိမ်နီးချင်းနှင့်ပတ်သက်၍ ကောင်းမွန်စွာဆက်ဆံရန် အမြဲမှာကြားတော်မူသည်။
အဘယ်မျှထိဆိုသော် အိမ်နီးချင်းအား အမွေစားအမွေခံအဖြစ် သတ်မှတ်လိုက်မည်ဟုပင်
ငါကိုယ်တော် ထင်မိခဲ့သည်။ [صحيح] [متفق عليه]

တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)က မိန့်ကြားတော်မူသည်။ ကောင်းကင်တမန်ဂျိဗ်ရီလ် (အလိုင်းဟိစ္စလာမ်)သည် ကိုယ်တော်အား အိမ်နီးချင်းနှင့် ပတ်သက်၍ထိုအိမ်နီးချင်းသည် မွတ်စ်လင်မ်ဖြစ်စေ၊ ကာဖိရ်ဖြစ်စေ၊ ဆွေမျိုးတော်စပ်သည်ဖြစ်စေ၊မတော်စပ်သည်ဖြစ်စေ အလေးထားရန်နှင့် အိမ်နီးချင်း၏အခွင့်အရေးကိုထိန်းသိမ်းစောင့်ရှောက်ရန်၊ ၎င်းအား ဒုက္ခမပေးဘဲ ကောင်းကျိုးပြုရန်၊၎င်းတို့ပေးသည့်ဒုက္ခအပေါ် သည်းခံရန် အကြိမ်ကြိမ်မှာကြားခဲ့သည်။ အိမ်နီးချင်း၏ဝတ္တရားကြီးမားမှုနှင့် ဂျိဗ်ရီလ်(အလိုင်းဟိစ္စလာမ်)၏အကြိမ်ကြိမ်မှာကြားမှုတို့ကြောင့် လူတစ်ဦးသေဆုံးပြီးနောက် သူ၏အိမ်နီးချင်းကိုပါအမွေခွဲဝေပေးရမည်ဟူသည့် ဝဟီဗျာဒိတ်တော် ကျရောက်လာမလားဟုပင် ကိုယ်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)ကထင်ခဲ့မိသည်။

https://sunnah.global/hadeeth/my/show/4965